# ဓမ္မခန္ဓာ (၅၈) ဦးတိုက်လျှောက်သောသူမ (အလ် မိုဂျာဒလာဟ်)

ဥဂ္ဂဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၅)၊ သုတ်ဒေသနာ (၂၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁:၁]

| | |
|---|---|
| ၁။ | **قَدْ سَمِعَ اللَّهُ قَوْلَ الَّتِي تُجَادِلُكَ فِي زَوْجِهَا وَتَشْتَكِي إِلَى اللَّهِ وَاللَّهُ يَسْمَعُ تَحَاوُرَكُمَا إِنَّ اللَّهَ سَمِيعٌ بَصِيرٌ** ۞<br>သူမ၏ အိမ်ထောင်ဘက်နှင့် စပ်လျဉ်း၍ သင့်ထံ၌ စောဒကတက်သော သူမ၏ ပရမတ်ဘုရားရှင်ထံ လျှောက်လဲချက်နှင့် ပြောစကားကို ပရမတ်ဘုရားရှင်သည် မုချ ကြားတော်မူ၏။ ပရမတ်ဘုရားရှင်သည် သင်တို့နှစ်ဦး၏ အပြန်အလှန် ပြောဆိုခြင်းကို ကြားတော်မူ၏၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် မြင်နေသော အရှင် ဖြစ်၏။ |
| ၂။<br>☆၃၃:၄ | **الَّذِينَ يُظَاهِرُونَ مِنكُم مِّن نِّسَائِهِم مَّا هُنَّ أُمَّهَاتِهِمْ إِنْ أُمَّهَاتُهُمْ إِلَّا اللَّائِي وَلَدْنَهُمْ وَإِنَّهُمْ لَيَقُولُونَ مُنكَرًا مِّنَ الْقَوْلِ وَزُورًا وَإِنَّ اللَّهَ لَعَفُوٌّ غَفُورٌ** ۞<br>သင်တို့အနက် အမျိုးသမီးတို့အား သူမတို့သည် သူတို့၏ မိခင်များ မဟုတ်ဘဲ ကျောခိုင်းသောသူ ဖြစ်အံ့၊ ဧကန်ပင် သူတို့အား မွေးဖွားသော သူမသည်သာ သူတို့၏ မိခင်များ ဖြစ်ကြ၏။☆အမှန်ပင် သူတို့သည် စကားကို စိမ်းစိမ်း ကားကား လှည့်ပတ် ပြောဆိုကြ၏၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ကျေအေးသောအရှင် လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။[၁၀၄၄] |
| ၃။ | **وَالَّذِينَ يُظَاهِرُونَ مِن نِّسَائِهِمْ ثُمَّ يَعُودُونَ لِمَا قَالُوا فَتَحْرِيرُ رَقَبَةٍ مِّن قَبْلِ أَن يَتَمَاسَّا ذَلِكُمْ تُوعَظُونَ بِهِ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ** ۞<br>သူတို့၏ အမျိုးသမီးတို့အား ကျောခိုင်းနေသော သူတို့သည် သူတို့၏ ပြောစကားမှ ဆက်မလုပ်လိုလျှင်– သူတို့ချင်း မထိတွေ့မီအလျှင် ကျွန်တစ်ဦးကို လွှတ်ပေးရမည်၊ ဤသည် သင်တို့အတွက် အဆုံးအမပင် ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းသိနေတော်မူသည်ပင်။[၁၀၄၅] |
| ၄။ | **فَمَن لَّمْ يَجِدْ فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ مِن قَبْلِ أَن يَتَمَاسَّا فَمَن لَّمْ يَسْتَطِعْ فَإِطْعَامُ سِتِّينَ مِسْكِينًا ذَلِكَ لِتُؤْمِنُوا بِاللَّهِ وَرَسُولِهِ وَتِلْكَ حُدُودُ اللَّهِ وَلِلْكَافِرِينَ عَذَابٌ أَلِيمٌ** ۞ |

(၁၀၄၄) ဤဥပဒေများတွင် ပြောဆိုသော ကျောခိုင်းနေခြင်း **ဇီဟာရ်** ဆိုသည်မှာ အာရပ်တို့၏ ထုံးတမ်းအရ ဇနီးတစ်ဦးအား မလိုချင်တော့လျှင် ထိုအမျိုးသမီးအား **သင်သည် ကျွန်ုပ်၏ မိခင်ကဲ့သို့ ဖြစ်သည်၊** ဟု ကျိန်ဆို ပြောသော စကားလုံး ဖြစ်ပေသည်။ ထိုအခါ ထိုအမျိုးသမီးမှာ အပြစ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တန်ပြန်စောကြောနိုင်ခြင်း မရှိချေ။ ထိုသို့သော အမျိုးသမီးတစ်ဦး၏ ဘဝ နစ်နာရခြင်းမျိုး မကျူးလွန်ရန် အစ္စလာမ် သာသနာက လုံးဝ တားမြစ် ပိတ်ပင်လိုက်ခြင်း ဖြစ်ပေသည်။ ဤစကားလုံး၏ အဓိပ္ပါယ်ကို ၃၃:၄ တွင် ဖော်ပြထားသည်ကို တွေ့ရပေသည်။ အမိုက်မှောင်ကျနေသော ခေတ်ကာလကြီးတွင် အစ္စလာမ် သာသနာသည် မည်သူ၏ မျက်နှာကိုမှ မထောက်ဘဲ လူအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေး သူငယ် အခွင့်အရေးများကို အပြည့်အဝရရှိစေရန် ဥပဒေ ချမှတ်ခဲ့သည်။ ၂:၂၂၅ မှ ၂၃၂ တို့တွင် လင်မယားကွာရှင်းခန်းများကို ကြည့်ပါ။
(၁၀၄၅) ဤသုတ်တော်မှ **ချုပ်နှောင်မိနေသူ တစ်ဦး၊** ဆိုသည်မှာ **ရ–ကီဘတ်** ကို ပြန်ဆိုခြင်းဖြစ်၍၊ ဆရာတော် တစ်ချို့က ကျေးကျွန်ဟုလည်းကောင်း၊ အချို့က စစ်သုံ့ပန်းဟုလည်းကောင်း ပြန်ဆိုကြပေသည်။ ဘဝအခက်အခဲဖြင့် ရင်ဆိုင်နေရလျှက် ဘဝ မလွတ်မြောက်နိုင်သော သူများ၊ စီးပွားရေး အခက်အခဲဖြင့် ရင်ဆိုင် ပိတ်မိနေသူများ၊ ပညာရေး ထွက်ပေါက်ပိတ်နေသူများ။ အာမခံမရှိ၍ မလွတ်မြောက်နိုင်သူများ အားလုံးကို ဆိုလိုပေသည်။

| | |
|---|---|
| | သို့သော် ကိုယ်တွေ့မဖြစ်နိုင်သူ အတွက် သူတို့ချင်း မထိတွေ့မီအလျှင် ဥပုသ်သီလ နှစ်လဆက်တိုက် စောင့်တည်ရမည်။ ထိုသို့ မတတ်နိုင်သူသည် နွမ်းပါးသူ ခြောက်ဆယ်ကို ကျွေးမွေးလိုက်ရမည်။ ဤသည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဇ္ဇာစဉ်တော်ဆောင်အား ယုံကြည်ခြင်းအတွက် ဖြစ်၏။ ဤသည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော် ဖြစ်၏၊ ဖုံးကွယ်သူတို့ အတွက်မူ နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၅။ | **إِنَّ الَّذِينَ يُحَادُّونَ اللَّهَ وَرَسُولَهُ كُبِتُوا كَمَا كُبِتَ الَّذِينَ مِن قَبْلِهِمْ وَقَدْ أَنزَلْنَا آيَاتٍ بَيِّنَاتٍ وَلِلْكَافِرِينَ عَذَابٌ مُّهِينٌ ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဇ္ဇာစဉ်တော်ဆောင်အပေါ် မာရေကျောရေရှိသော သူတို့သည် သူတို့၏ ရှေ့အလျှင် ဖြစ်သူတို့အား အရှက်ကွဲစေ သကဲ့သို့ အရှက်ကွဲစေလတ္တံ့။ ငါအရှင်သည် ရှင်းလင်းသော သုတ်ဒေသနာများကို မုချ ချမှတ်တော်မူပြီ။ ဖုံးကွယ်သူတို့ အတွက်မူ နိမ့်ကျသော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၆။ | **يَوْمَ يَبْعَثُهُمُ اللَّهُ جَمِيعًا فَيُنَبِّئُهُم بِمَا عَمِلُوا أَحْصَاهُ اللَّهُ وَنَسُوهُ وَاللَّهُ عَلَى كُلِّ شَيْءٍ شَهِيدٌ ۞**<br>ပရမတ်ဘုရားရှင်သည် သူတို့ အားလုံးကို နိုးထစေသော နေ့ကာလ၌ ကျင့်ကြံခဲ့သမျှကို သတင်းထုတ်ပြန်တော်မူလတ္တံ့။ သူတို့သည် ၎င်းကို မေ့နေသော်လည်း ပရမတ်ဘုရားရှင်သည် အမှတ်စဉ်မှတ်ထား၏။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ အတွက် သက်သေသက်ကန် ဖြစ်တော်မူသတည်း။ |
| ၇။ | **أَلَمْ تَرَ أَنَّ اللَّهَ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ مَا يَكُونُ مِن نَّجْوَى ثَلَاثَةٍ إِلَّا هُوَ رَابِعُهُمْ وَلَا خَمْسَةٍ إِلَّا هُوَ سَادِسُهُمْ وَلَا أَدْنَى مِن ذَلِكَ وَلَا أَكْثَرَ إِلَّا هُوَ مَعَهُمْ أَيْنَ مَا كَانُوا ثُمَّ يُنَبِّئُهُم بِمَا عَمِلُوا يَوْمَ الْقِيَامَةِ إِنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ ۞**<br>မိုးများအတွင်း မြေကမ္ဘာအတွင်း ရှိသမျှကို ပရမတ်ဘုရားရှင်သည် သိနေတော်မူကြောင်း သင် မမြင်မိသလော။ သုံးယောက် သီးခြားတိုင်ပင်နိုင်ခြင်း မရှိ၊ အရှင်သည် သူတို့မှ စတုတ္ထ ဖြစ်၏။ ငါးယောက် ဖြစ်လျှင် အရှင်သည် သူတို့မှ ဆဋ္ဌမ ဖြစ်၏။ ဤထက် နည်းလျှင် ဖြစ်စေ၊ သို့မဟုတ် များလျှင် ဖြစ်စေ– မည်သည့် နေရာ၌ သူတို့ ရှိနေစေကာမူ အရှင်သည် သူတို့နှင့်အတူ ရှိနေ၏။ သူတို့ ကျင့်ကြံသမျှအား ရပ်တည်ရမည့် နေ့ကာလ၌ သူတို့အား သတင်းထုတ်ပြန်တော်မူလတ္တံ့။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏၊ |
| ၈။ | **أَلَمْ تَرَ إِلَى الَّذِينَ نُهُوا عَنِ النَّجْوَى ثُمَّ يَعُودُونَ لِمَا نُهُوا عَنْهُ وَيَتَنَاجَوْنَ بِالْإِثْمِ وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُولِ وَإِذَا جَاؤُوكَ حَيَّوْكَ بِمَا لَمْ يُحَيِّكَ بِهِ اللَّهُ وَيَقُولُونَ فِي أَنفُسِهِمْ لَوْلَا يُعَذِّبُنَا اللَّهُ بِمَا نَقُولُ حَسْبُهُمْ جَهَنَّمُ يَصْلَوْنَهَا فَبِئْسَ الْمَصِيرُ ۞**<br>သီးခြားတိုင်ပင်ခြင်း ဟန့်တားခံထားရသော သူများသည် သူတို့အား ဟန့်တားသည်ကို– ဆက်လုပ်၍ ပြစ်မှု၊ စည်းဖေါက်မှုနှင့် ဥဇ္ဇာစဉ်တော်ဆောင်အား အာခံမှုများ အတွက် သီးခြားတိုင်ပင်ကြသည်ကို သင် မရှုစားမိသလော။ သူတို့သည် သင့်ထံသို့ ရောက်လာသောအခါ ပရမတ်ဘုရားရှင်က နှုတ်ဆက်စေ သကဲ့သို့ မဟုတ်ဘဲ နှုတ်ဆက်ကြ၍၊ သူတို့ စရိုက်တူချင်း “ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့၏ ပြောဆိုမှုအတွက် ဝဋ်ကြွေးမသင့်စေဘူး၊”ဟု ပြောဆိုကြ၏။ ငရဲဘုံသည် သူတို့အတွက် စရင်းချုပ်ဖြစ်၏။ ထို၌ လောင်ကျွမ်းရလတ္တံ့၊ ယင်းသည် အမင်္ဂလာ ခရီးဆုံး ဖြစ်၏။ |
| ၉။ | **يَا أَيُّهَا الَّذِينَ آمَنُوا إِذَا تَنَاجَيْتُمْ فَلَا تَتَنَاجَوْا بِالْإِثْمِ وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُولِ وَتَنَاجَوْا بِالْبِرِّ وَالتَّقْوَى وَاتَّقُوا اللَّهَ الَّذِي إِلَيْهِ تُحْشَرُونَ ۞**<br>အို ယုံကြည်သော သူတို့၊ သင်တို့ချင်း သီးခြားတိုင်ပင်ကြသောအခါ ပြစ်မှု၊ စည်းဖေါက်မှု၊ ဥဇ္ဇာစဉ်တော်ဆောင်အား အာခံမှုများကို သီးခြားမတိုင်ပင်ကြနှင့်၊ ကုသိုလ်ကောင်းမှု စည်းစောင့်မှုများကိုသာ သီးခြားတိုင်ပင်ကြလော့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ သင်တို့သည် အရှင်ထံသို့သာ စုစည်းခံရစေမည်ပင်။ |

၁၀။ إِنَّمَا النَّجْوَى مِنَ الشَّيْطَانِ لِيَحْزُنَ الَّذِينَ آمَنُوا وَلَيْسَ بِضَارِّهِمْ شَيْئًا إِلَّا بِإِذْنِ اللَّهِ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ۝
☆၂း၁၄ အမှန်မှာ မကောင်းဆိုးဝါးတို့မှ☆ သီးခြားတိုင်ပင်ခြင်းများသည် ယုံကြည်သော သူတို့အား သောကဖြစ်ရစေရန်သာ ဖြစ်၏။ သို့သော် ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ ၎င်းသည် တစ်စုံတစ်ရာကိုမျှ မနစ်နာစေနိုင်ချေ။ ပရမတ်ဘုရားရှင်ကိုသာ ယုံကြည်သူတို့သည် ကိုးစားသင့်၏။

၁၁။ يَا أَيُّهَا الَّذِينَ آمَنُوا إِذَا قِيلَ لَكُمْ تَفَسَّحُوا فِي الْمَجَالِسِ فَافْسَحُوا يَفْسَحِ اللَّهُ لَكُمْ وَإِذَا قِيلَ انشُزُوا فَانشُزُوا يَرْفَعِ اللَّهُ الَّذِينَ آمَنُوا مِنكُمْ وَالَّذِينَ أُوتُوا الْعِلْمَ دَرَجَاتٍ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ۝
အို ယုံကြည်သော သူတို့၊ သင်တို့အား "လူထုအစည်းအဝေး၌ နေရာပေးကြ"ဟု ပြောဆိုလျှင်၊ နေရာပေးကြလော့၊ ပရမတ်ဘုရားရှင်သည် သင်တို့အတွက် နေရာစီစဉ်ပေးလတ္တံ့။ "မတ်တတ်ရပ်"ဟု ဆိုလျှင် ရပ်ကြကုန်လော့၊ သင်တို့မှ ယုံကြည်သောသူ၊ အသိပညာ ချီးမြှင့်ခံရသော သူတို့အား ပရမတ်ဘုရားရှင်သည် အခွင့်အလမ်း မြှောက်စားတော်မူလိမ့်မည်။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။

၁၂။ يَا أَيُّهَا الَّذِينَ آمَنُوا إِذَا نَاجَيْتُمُ الرَّسُولَ فَقَدِّمُوا بَيْنَ يَدَيْ نَجْوَاكُمْ صَدَقَةً ذَلِكَ خَيْرٌ لَّكُمْ وَأَطْهَرُ فَإِن لَّمْ تَجِدُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ ۝
အို ယုံကြည်သော သူတို့၊ ဉာဏ်စဉ်တော်ဆောင်နှင့် သင်တို့ သီးခြားတိုင်ပင်သောအခါ– စုံရပ်နေခြင်းနှင့် သင်တို့၏ လက်ရှိ–မျက်မှောက် သီးခြားတိုင်ပင်မှု၌ ဒါနပြုလော့။ ဤသည် သင်တို့အတွက် ပိုကောင်း၏။ ပိုမို သန့်စင်စေ၏။ သင်တို့ ကိုယ်တွေ့မဖြစ်နိုင်ခဲ့လျှင် ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။

၁၃။ أَأَشْفَقْتُمْ أَن تُقَدِّمُوا بَيْنَ يَدَيْ نَجْوَاكُمْ صَدَقَاتٍ فَإِذْ لَمْ تَفْعَلُوا وَتَابَ اللَّهُ عَلَيْكُمْ فَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَأَطِيعُوا اللَّهَ وَرَسُولَهُ وَاللَّهُ خَبِيرٌ بِمَا تَعْمَلُونَ ۝
စုံရပ်နေခြင်းနှင့် သင်တို့၏ လက်ရှိ–မျက်မှောက် သီးခြားတိုင်ပင်မှု၌ ဒါနပြုရမည်ကို စိုးထိတ်နေကြသလော၊ သင်တို့သည်
☆ ၂း၃ ထိုသို့ မပြုလုပ်နိုင်ခဲ့သော်လည်း သင်တို့အပေါ်၌ ပရမတ်ဘုရားရှင်သည် သင်ပုန်းချေပေးတော်မူ၏။ သို့ဖြစ်၍ မေတ္တာ မိဋ္ဌာန် မြဲကြလော့၊☆ အခွန်ငွေဖြူ ပေးကြလော့၊ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား နာခံကြလော့၊ ပရမတ်ဘုရားရှင်သည် သင်တို့ ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။

၁၄။ أَلَمْ تَرَ إِلَى الَّذِينَ تَوَلَّوْا قَوْمًا غَضِبَ اللَّهُ عَلَيْهِم مَّا هُم مِّنكُمْ وَلَا مِنْهُمْ وَيَحْلِفُونَ عَلَى الْكَذِبِ وَهُمْ يَعْلَمُونَ ۝
ပရမတ်ဘုရားရှင်မှ ကံကြီးသင့်စေသော လူမျိုးတို့ဘက်သို့ လှည့်နေသော သူများကို သင် မမြင်မိသလော၊ သူတို့သည် သင်တို့အထဲမှ မဟုတ်၊ ၎င်းတို့၏ အထဲမှလည်း မဟုတ်ချေ။ သူတို့သည် သိနေလျက်နှင့် လိမ်ညာ တိုင်တည်နေကြ၏။

၁၅။ أَعَدَّ اللَّهُ لَهُمْ عَذَابًا شَدِيدًا إِنَّهُمْ سَاء مَا كَانُوا يَعْمَلُونَ ۝
ပရမတ်ဘုရားရှင်သည် သူတို့အတွက် ပြင်းထန်သော ဝဋ်ကြွေးကို တွက်ချက်ပြင်ဆင်ထားပြီ။ ကေန်ပင် သူတို့၏ ကျင့်ကြံလေ့ရှိရာတို့သည် အကုသိုလ်များသာ ဖြစ်၏။

၁၆။ اتَّخَذُوا أَيْمَانَهُمْ جُنَّةً فَصَدُّوا عَن سَبِيلِ اللَّهِ فَلَهُمْ عَذَابٌ مُّهِينٌ ۝
သူတို့၏ အားသန်ချက်ကို သုခဟု အယူထား၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ရှားကြ၏။ သူတို့ အတွက်မူ နိမ့်ကျသော ဝဋ်ကြွေးသည် ရှိနေ၏။

| | |
|---|---|
| ၁၇။ | **لَن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلَا أَوْلَادُهُم مِّنَ اللَّهِ شَيْئًا أُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ**<br>သူတို့၏ ဥစ္စာပစ္စည်း၊ သူတို့၏ ရင်သွေးများသည် ပရမတ်ဘုရားရှင်အား ဆန့်ကျင်ရန် တစ်စုံတစ်ရာ မပြည့်စုံနိုင်ချေ။ ထိုသူတို့သည် အပူမီး၏ အဖေါ်များသာ ဖြစ်ကြ၍၊ ထို၌ သူတို့ ကာလမဲ့ ခံစားရလတ္တံ့။ |
| ၁၈။ | **يَوْمَ يَبْعَثُهُمُ اللَّهُ جَمِيعًا فَيَحْلِفُونَ لَهُ كَمَا يَحْلِفُونَ لَكُمْ وَيَحْسَبُونَ أَنَّهُمْ عَلَى شَيْءٍ أَلَا إِنَّهُمْ هُمُ الْكَاذِبُونَ**<br>ပရမတ်ဘုရားရှင်သည် သူတို့ အားလုံးကို နိုးထစေသော နေ့ကာလ၌– သင်တို့အား ယခု တိုင်တည် သကဲ့သို့ ပရမတ်ဘုရားရှင်အားလည်း တိုင်တည်ပြလိမ့်မည်။ သူတို့အတွက် တစ်စုံတစ်ရာ ရှိသည်ဟု သူတို့ စိတ်ကူးယဉ်ကြ၏။ ကေန်ပင် သူတို့သည် မုသာဝါဒီများသာ ဖြစ်ကြ၏။ |
| ၁၉။ | **اسْتَحْوَذَ عَلَيْهِمُ الشَّيْطَانُ فَأَنسَاهُمْ ذِكْرَ اللَّهِ أُوْلَئِكَ حِزْبُ الشَّيْطَانِ أَلَا إِنَّ حِزْبَ الشَّيْطَانِ هُمُ الْخَاسِرُونَ**<br>မကောင်းဆိုးဝါးသည် သူတို့အား လွှမ်းမိုးချုပ်ကိုင်လျှက် သူတို့အား ပရမတ်ဘုရားရှင်ကို သတိရခြင်းမှ မေ့နေစေ၏၊ သူတို့သည် မကောင်းဆိုးဝါး၏ ဂိုဏ်းသားများ ဖြစ်ကြ၏။ ကေန်ပင် မကောင်းဆိုးဝါး၏ ဂိုဏ်းများသည်သာ ဆုံးရှုံးနစ်နာ ရသူများ ဖြစ်၏။ |
| ၂၀။ | **إِنَّ الَّذِينَ يُحَادُّونَ اللَّهَ وَرَسُولَهُ أُوْلَئِكَ فِي الأَذَلِّينَ**<br>ကေန်ပင် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်တော်ဆောင်အပေါ် မာရေကျောရေရှိသော သူတို့– ထိုသူတို့သည် သာ နိမ့်ပါးရလတ္တံ့။ |
| ၂၁။ | **كَتَبَ اللَّهُ لَأَغْلِبَنَّ أَنَا وَرُسُلِي إِنَّ اللَّهَ قَوِيٌّ عَزِيزٌ**<br>"ငါနှင့် ငါ့ဥာဏ်စဉ်ဆောင်သည်သာ အနိုင်ရရမည်၊"ဟု ပရမတ်ဘုရားရှင်က ပြဌာန်းထားပြီး ဖြစ်၏။ ကေန်ပင် ပရမတ် ဘုရားရှင်သည် တန်ခိုးတော်ရှင် ဘုန်းတော်ရှင် ဖြစ်တော်မူ၏။ |
| ၂၂။<br><br>☆၂း၈၇ | **لَا تَجِدُ قَوْمًا يُؤْمِنُونَ بِاللَّهِ وَالْيَوْمِ الْآخِرِ يُوَادُّونَ مَنْ حَادَّ اللَّهَ وَرَسُولَهُ وَلَوْ كَانُوا آبَاءهُمْ أَوْ أَبْنَاءهُمْ أَوْ إِخْوَانَهُمْ أَوْ عَشِيرَتَهُمْ أُوْلَئِكَ كَتَبَ فِي قُلُوبِهِمُ الْإِيمَانَ وَأَيَّدَهُم بِرُوحٍ مِّنْهُ وَيُدْخِلُهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا رَضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ أُوْلَئِكَ حِزْبُ اللَّهِ أَلَا إِنَّ حِزْبَ اللَّهِ هُمُ الْمُفْلِحُونَ**<br>ပရမတ်ဘုရားရှင်၌၊ နောင်ဘဝကာလ၌ ယုံကြည်သူတို့သည်– သူတို့၏ အဖေများ သို့မဟုတ် သူတို့၏ သားသမီးများ သို့မဟုတ် သူတို့၏ သားချင်းများ သို့မဟုတ် သူတို့၏ တစ်ကျိတ်တစ်ဥာဏ်တည်းများ ဖြစ်ငြားလည်း ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်တော်ဆောင် အပေါ် မာရေကျောရေရှိသော လူမျိုးအား လိုလိုလားရှိမည်ဟု သင် တွေ့ရမည် မဟုတ်ချေ။ ယင်းမှာ သူတို့၏ နှလုံးတွင်း၌ ယုံကြည်ခြင်းကို ပြဌာန်းထားသောကြောင့်၊ သူတို့အား အရှင့် ထံမှ ဥာဏ်စဉ်တော်အားဖြင့်☆ ထောက်ပံ့ပေးသောကြောင့် ဖြစ်၏။ သူတို့အား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်ရောက်စေ၍ ထို၌ ကာလမဲ့ စံစားစေမည်ပင်။ သူတို့သည် ပရမတ်ဘုရားရှင်အား ကျေနပ်နှစ်သက်ကြ၏။ အရှင်ကလည်း သူတို့ကို ကျေနပ်နှစ်သက်၏။ သူတို့သည် ပရမတ်ဘုရားရှင်၏ အသင်းသားများ ဖြစ်၍၊ ပရမတ်ဘုရားရှင်၏ အသင်းသားများသည်သာ အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။ |